# EBO ကျင့်ဝတ် စည်းမျဉ်း

## မိတ်ဆက်

အုပ်ချုပ်ရေးကဏ္ဍအားနည်းခြင်း၊ ပဋိပက္ခကြောင့်ရွှေ့ပြောင်းခံရခြင်းတို့သည် လူသားတစ်ဦးချင်းစီနှင့် လူမှု အသိုက်အဝန်းကို ကာကွယ်စောင့်ရှောက်ပေးသည့် လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ အခြေခံအဆောက်အအုံများအား ယိုယွင်းအားနည်းမှုဖြစ်ပေါ်စေသည်။ ယင်းအခြေအနေတွင် အကူအညီပေးအပ်သူများက လူထု၏ အားနည်း ချက်ကို အခွင့်အရေးယူကာ ၎င်းတို့၏လုပ်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားပြုမှု ရှိလာနိုင်သည်။

## (က) ကျင့်ဝတ်စည်းမျဉ်း

ADDB Inc. /EBO အဖွဲ့သည် အလွဲသုံးစားပြုခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းတို့ ဖြစ်ပေါ်လာနိုင်သည့်အရေးကို ကြိုတင်ကာကွယ်တားဆီးတုံ့ပြန်နိုင်ရန် ဆုံးဖြတ်ထားပါသည်။ အဆိုပါရည်မှန်းချက် အောင်မြင်ရေးအတွက် ADDB Inc. /EBO မှ ဤကျင့်ဝတ်စည်းမျဉ်းကို သတ်မှတ်ပြဋ္ဌာန်းသည်။

ဤကျင့်ဝတ်စည်းမျဉ်းသည် ADDB Inc. /EBO ၏ ဝန်ထမ်းအားလုံး၊ Consultants ၊ လုပ်အားပေးများ၊ အလုပ်သင်များ၊ ကျွမ်းကျင်ပညာ ရှင်များ၊ ဘုတ်အဖွဲ့ဝင်များနှင့် ADDB Inc. /EBO မှ ငွေကြေးထောက်ပံ့မှု ကိုရယူနေသည့် မိတ်ဖက်အဖွဲ့အစည်းများ၊ အကျိုးခံစားခွင့်ရရှိသူများ အားလုံးအတွက် အကျုံးဝင်သည်။

## (ခ) အထွေထွေပြဋ္ဌာန်းချက်များ/အခြေခံမှုများ

၁။ လူမှုအဆင့်အတန်း၊ တိုင်းရင်းသားဖြစ်တည်မှု၊ ဘာသာရေး၊ ကျား/မ၊ လိင်မှုဆိုင်ရာ စိတ်တိမ်းညွတ်မှု၊ အသက်၊ အိမ်ထောင်ရှိ-မရှိ၊ နိုင်ငံသားအခြေခံ၊ ၊ နိုင်ငံရေးအရဆက်နွယ်မှု၊ မသန်စွမ်းမှု အစရှိသည့်အခြေခံ လူ့အခွင့်အရေးများကို လေးစားလိုက်နာ၊ ကာကွယ်မြှင့်တင်ပြီး လူအားလုံးအပေါ် ခွဲခြားဆက်ဆံမှုမရှိစေရ။ ဝန်ထမ်းများ၊ အကျိုးခံစားခွင့်ရှိသူများနှင့် အခြားသူများအားလုံးကို မျှတစွာ၊ လေးစား စွာ၊ ယဉ်ကျေးပျူငှာစွာနှင့် ဂုဏ်သိက္ခာရှိစွာ ဆက်ဆံပါမည်။

၂။ တာဝန်ထမ်းဆောင်ရာတွင်လည်းကောင်း၊ ကာကွယ်မှုပေးရာတွင်လည်းကောင်း၊ ပစ္စည်းနှင့်ဝန်ဆောင်မှုများ ထောက်ပံ့ရာတွင်လည်းကောင်း အမြင့်ဆုံးသောအရည်အချင်းကို ထိန်းသိမ်းထားပြီး တာဝန်ယူမှု၊ တာဝန်ခံမှု၊ ထိရောက်မှု၊ သမာသမတ်ရှိမှု၊ လျှို့ဝှက်အပ်သည်များကိုထိန်းသိမ်းမှု၊ ပွင့်လင်းမြင်သာမှုအပြည့်ဖြင့် ထိရောက်စွာ ဆောင်ရွက်ပါမည်။

၃။ လုပ်ဖော်ကိုင်ဖက်များအကြား ချိုးနှိမ်လုပ်ဆောင်မှုများ၊ တစ်စုံတစ်ဦး၏ စွမ်းဆောင်ရည်ကို ထိခိုက်စေရန် အလို့ငှာ မိမိအားပေးအပ်ထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းများကို လုံးဝရှောင်ကျဉ်ပြီး လုပ်ဖော်ကိုင်ဖက်အချင်းချင်းအကြား အပြန်အလှန်လေးစားမှုရှိစွာ ဆက်ဆံပါမည်။

၄။ ကိုယ်ကျိုးစီးပွားအတွက် မိမိရာထူးကိုအလွဲသုံးစားပြုပြီး တစ်စုံတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခု အား ဩဇာလွှမ်းမိုးရန် ကြိုးစားဆောင်ရွက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ မပြုလုပ်ရ။

## (ဂ) လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှု၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့်အနိုင်ကျင့်စော်ကားမှုတို့မှ ကြိုတင်ကာကွယ်ခြင်း

၅။ ADDB Inc. /EBO ဝန်ထမ်းများ အချင်းချင်းကြားတွင် လည်းကောင်း၊ ADDB Inc. /EBO ဝန်ထမ်းများနှင့် အကျိုးခံစားခွင့် ရှိသူများအကြားတွင်လည်းကောင်း လိင်ဆက်ဆံမှုများအား ပြင်းထန်စွာ တားမြစ်သည်။ ADDB Inc. /EBO ဝန်ထမ်းတစ်ဦးသည် အခြား ADDB Inc. /EBO ဝန်ထမ်းတစ်ဦးနှင့်သော်လည်းကောင်း၊ အကျိုးခံစားခွင့်ရှိသူတစ်ဦးနှင့်သော်လည်းကောင်း ဆက်ဆံရေးများ (အထူးသဖြင့် လိင်မှုဆိုင်ရာဆက်ဆံရေးမျိုး) ၊ ဆွေမျိုးတော်စပ်မှုများရှိနေပါက ကြီးကြပ်သူထံ ချက်ချင်းတင်ပြရပါမည်။

၆။ လူတစ်ဦးတစ်ယောက်ကို ကိုယ်ကာယအားဖြင့်သော်လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာအားဖြင့်သော်လည်းကောင်း၊ စိတ်ဓါတ်ပိုင်းဆိုင်ရာအားဖြင့်သော်လည်းကောင်း၊ ထိခိုက်နစ်နာမှု နှင့် နာကျင်ခံစားမှုများ ဖြစ်ပေါ်စေသည့် နှောင့်ယှက်စော်ကားသည့်အပြုအမူများ၊ အပြောအဆိုများကို မည်သည့်အခါမျှမပြုလုပ်ရ။ လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှု နှင့် အနိုင်ကျင့်စော်ကားမှုကို ကြိုတင်ကာကွယ်တားဆီးရန် အောက်ဖော်ပြပါအပြုအမူများကို ရှောင်ကျဉ်ရမည်။

(က) တစ်ဦးတစ်ယောက်၏ကိုယ်ခန္ဓာ၊ ဝတ်စားဆင်ယင်မှု၊ လူမျိုး၊ အသားအရောင်၊ ဘာသာရေး၊ အသက်၊ လိင်မှု၊ အိမ်ထောင်ရှိ-မရှိ၊ မိသားစုအခြေအနေ၊ ရုပ်ပိုင်း (သို့) စိတ်ပိုင်းဆိုင်ရာတည်ရှိမှု၊ လိင်မှုဆိုင်ရာစိတ်တိမ်းညွတ်မှု၊ အကျဉ်းကျခြင်းမှလွတ်မြောက်လာမှု နှင့် အခြားကိုယ်ရေးကိုယ်တာကိစ္စများ အစရှိသည်တို့အပေါ် မလိုလားအပ်သော မှတ်ချက်ပေးခြင်း၊ စောင်းမြောင်းပြောဆိုခြင်း၊ နောက်ပြောင်ခြင်း၊

(ခ) မလိုလားအပ်သောလိင်ပိုင်းဆိုင်ရာမှတ်ချက်ပေးခြင်း၊ ကမ်းလှမ်းဖိတ်ကြားခြင်း၊ တောင်းဆိုခြင်းနှင့် စီမံကိန်းပြီးဆုံးချိန်တွင်လည်း အနှောက်အယှက်ဖြစ်စေနိုင်သည့် ဆက်သွယ်မှုများပြုလုပ်ခြင်း၊

(ဂ) လိင်မှုဆိုင်ရာ (ရုပ်ပုံ၊ ဗီဒီယို၊ အရေးအသား) မဖွယ်မရာပြုမှုဖော်ပြခြင်းနှင့် လူမျိုးဖြစ်တည်မှု၊ ခန္ဓာကိုယ်ဖြစ်တည်မှုတို့အပေါ် လှောင်ပြောင်စော်ကားခြင်း၊

(ဃ) တစ်စုံတစ်ဦးအား အရှက်ရစေခြင်း (သို့မဟုတ်) စော်ကားမှုဖြစ်စေသော လှောင်ပြောင်သည့်ပျက်လုံးများ ပြောဆိုပြုလုပ်ခြင်း၊

(င) ကာကာမြွေပျက်စေသောအကြည့်(သို့မဟုတ်)အခြားကြမ်းတမ်းသည့် မဖွယ်မရာအမူအရာများ ပြသခြင်း၊

(စ) ပုတ်ခြင်း၊ တို့ထိခြင်း၊ ဆိတ်ခြင်း၊ ရိုက်နက်ခြင်းနှင့် မလိုလားအပ်သည့် ကိုယ်ထိလက်ရောက်မှုများ၊

(ဆ) လူတစ်ဦးတစ်ယောက်၏ ခန္ဓာကိုယ်အစိတ်အပိုင်းကို ထိခိုက်စေခြင်း (သို့မဟုတ်) လိင်ပိုင်းဆိုင်ရာကျူးကျော်စော်ကားခြင်း၊

(ဇ) နောက်ယောင်ခံလိုက်ခြင်း၊

၇။ အကျိုးခံစားခွင့်ရှိသူများအပေါ် လိင်ပိုင်းဆိုင်ရာအနိုင်ကျင့်စော်ကားခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းတို့ကို မည်သည့်အခြေအနေ၌မဆို လုံးဝမပြုလုပ်ရ။ လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှုနှင့်အနိုင်ကျင့်စော်ကားမှုတို့ကို ကာကွယ်တားဆီးရန် အောက်ဖော်ပြပါအချက်များကို လိုက်နာရမည်။

(က) အကျိုးခံစားခွင့်ရှိသူများ၊ အထူးသဖြင့် ကလေးသူငယ်များအား လိင်မှုကိစ္စပြုရန်အလို့ငှာ အကျဉ်းအကျပ်ထဲရောက်စေမည့်အနေအထားမျိုးဖန်တီးခြင်းတို့ကို မည်သည့်အခါမျှ မပြုလုပ်ရ။ ကလေးသူငယ်များအပေါ် လိင်မှုကိစ္စပြုကျင့်ခြင်းအား တားမြစ်ထားပြီး ဥပဒေအရ ခွင့်မပြုပါ။

(ခ) လိင်မှုကိစ္စအတွက် ငွေကြေး၊ အလုပ်အကိုင်၊ ပစ္စည်းများ၊ လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့ (သို့မဟုတ်) အခြားသောဝန်ဆောင်မှုများနှင့် ဖလှယ်ခြင်း၊ လက်ခံခြင်းတို့ကို မည်သည့်အခါမျှ မပြုလုပ်ရ။ တာဝန်အရသော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို လိင်ပိုင်းဆိုင်ရာအကျိုးအမြတ်ရယူ၍ ဆောင်ရွက်ပေးခြင်း မပြုလုပ်ရ။

(ဂ) အကျိုးခံစားခွင့်ရှိသူများထံမှ လိင်ပိုင်းဆိုင်ရာအကျိုးအမြတ်ရယူရန်အလို့ငှာ မည်သူမဆို လုပ်ပိုင်ခွင့်နှင့်ရာထူးတာဝန်ကို မည်သည့်အခါမျှ အလွဲသုံးစားမပြုရ။

## (ဃ) ကလေးသူငယ်များကာကွယ်မှုပေးခြင်း

၈။ ကလေးသူငယ်များအား အကာအကွယ်ပေးခြင်းနှင့်ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ပြည်တွင်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာ စာချုပ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ကမ္ဘာ့ ကုလသမဂ္ဂပဋိညာဉ် တို့ကို လေးစားလိုက်နာရမည်။ ကလေးသူငယ်များကို ထိရောက်စွာကာကွယ်ပေးရန် အောက်ဖော်ပြပါ အချက်များကို လိုက်နာရမည်။

(က) ADDB Inc. /EBO ဝန်ထမ်းတစ်ဦးဦး၏ နေအိမ်တွင်လည်းကောင်း၊ စီမံကိန်းတည်ရှိရာနေရာတွင် လည်းကောင်း၊ အခြားတနေရာတွင်လည်းကောင်း၊ ကလေးတစ်ယောက်(သို့မဟုတ်) ကလေးသူငယ်များ (သို့မဟုတ်) အရွယ်မရောက်သေးသူများနှင့်အတူ ညအိပ်ညနေနေထိုင်ခြင်း မပြုလုပ်ရ။ လက်တွေ့ကျကျနှင့် ဖြစ်နိုင်သမျှ ကလေးသူငယ်များနှင့်အတူ လူကြီးနှစ်ဦးရှိရမည်ဟူသည့် စည်းကမ်းသတ်မှတ်ချက်ကို ကျင့်သုံးရမည်။

(ခ) အရွယ်မရောက်သေးသူများ ( အသက် ၁၈ နှစ်အောက်ရှိသေးသူများ) ကို အလုပ်ခန့်အပ်ခြင်းမပြုရ။

(ဂ) အင်တာနက်စာမျက်နှာများ နှင့် ပုံနှိပ်ထုတ်ဝေမှုများအတွက် ကလေးသူငယ်များကိုထိခိုက်နစ်နာစေသည့်၊ လုံခြုံစွာဝတ်စားဆင်ယင်ထားခြင်းမရှိသည့်ပုံများကို မည်သည့်အခါမျှအသုံးမပြုရ။ လုံခြုံစွာဝတ်စား ဆင်ယင်

ထားပြီး သင့်တင့်လျောက်ပတ်သောကိုယ်နေဟန်ဖြင့်ဖော်ပြထားသော ကလေးသူငယ်များ၏ပုံများကို အသုံးပြုလိုပါက ကာယကံရှင်ကလေးသူငယ် နှင့် ၎င်း၏မိဘအုပ်ထိန်းသူများထံမှ တရားဝင်သဘောတူ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

(ဃ) ကလေးသူငယ်တစ်ဦး၏ ပုဂ္ဂိုလ်ရေးနှင့်ရုပ်ပိုင်းဆိုင်ရာ သတင်းအချက်အလက်များကို အင်တာနက်စာမျက်နှာများနှင့် ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းများတွင် မည်သည့်အခါမျှအသုံးမပြုရ၊ ထိုသို့အသုံးပြုခြင်းသည် ကလေးသူငယ်၏ တည်ရှိရာနေရာအား ဖော်ပြနိုင်ခြင်းကြောင့် ဖြစ်သည်။

(င) အရွယ်မရောက်သေးသူများကို ထိတွေ့ပွတ်သပ်ကိုင်တွယ်ခြင်း၊ နမ်းခြင်း၊ ပွေ့ဖက်ခြင်း အစရှိသည့် မဖွယ်မရာ (သို့မဟုတ်) ယဉ်ကျေးမှုအရ မသင့်လျော်သော အပြုအမူများကို မပြုလုပ်ရ။

(စ) ကလေးသူငယ်က လူကြီးဖြစ်သူ၏ အထူးဂရုစိုက်ခြင်းကို ခံယူလို၍ချဉ်းကပ်လာပါကလည်း လူကြီးဖြစ်သူသည် မိမိ၏အပြုအမူအားလုံးအပေါ် တွင် တာဝန်ရှိသည်။

## (င) အကျင့်ပျက်ခြစားမှု ကာကွယ်တိုက်ဖျက်ခြင်း

၉။ လာဘ်ပေးလာဘ်ယူမှု နှင့် အဂတိလိုက်စားမှုတို့ကို မည်သည့်ပုံစံဖြင့်မဆို ခွင့်မပြုပါ။ လာဘ်ပေးလာဘ်ယူမှု နှင့် အဂတိလိုက်စားမှုတို့ကို ကြိုတင်ကာကွယ်ရန်၊ မိမိ၏အဖွဲ့အစည်းအတွင်းတွင်လည်းကောင်း၊ အခြားစီးပွားရေးအစုအဖွဲ့များနှင့် ဆက်ဆံရာတွင်လည်းကောင်း အောက်ဖော်ပြပါအချက်များကို လိုက်နာရမည်။

(က) လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင်လည်းကောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ စီရင်ဆုံးဖြတ်ခြင်း တို့အပေါ် ဩဇာလွှမ်းမိုးမှုရှိစေနိုင်သည့် လက်ဆောင်များပေးအပ်ခြင်း၊ တောင်းခံခြင်းနှင့်ရယူခြင်း၊ မျက်နှာသာပေးခြင်း တို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း မပြုလုပ်ရ။

(ခ) အကျိုးခံစားခွင့်ရှိသူများအားလုံး (သင်တန်းသားများ နှင့် စီမံကိန်းဒေသတွင်းရှိရပ်ရွာလူထု) ထံမှ လက်ဆောင်ရယူခြင်း မပြုရ၊ လူမှုရေးအရ လက်ခံရမည်ဆိုပါက စီမံခန့်ခွဲရေးဌာနသို့ အသိပေးကြေညာရမည်။

(ဂ) ဝန်ထမ်းအသစ်ခန့်အပ်ခြင်း၊ စီမံကိန်းလုပ်ငန်းများအတွက် ငွေကြေးထောက်ပံ့ခြင်းကိစ္စများနှင့် ပစ္စည်းဝယ်ယူဖြည့်တင်းခြင်းဆောင်ရွက်ရာတွင် မိတ်ဆွေအပေါင်းအသင်းများ၊ မိသားစုဝင်များအား မျက်နှာသာပေးမှုကို ရှောင်ရှားရမည်။ ရုံးသုံးပစ္စည်းများ ဝယ်ယူခြင်း၊ စီမံကိန်းအတွက် ပစ္စည်းဝယ်ယူဖြည့်တင်းခြင်းနှင့် ဝန်ဆောင်မှုများရယူရာတွင် မည်သည့်ဝန်ဆောင်မှုပေးသွင်းသူထံကမှ ကော်မရှင်ခ (သို့မဟုတ်) လာဘ်ငွေ (သို့မဟုတ်) လက်ဆောင် ရယူလက်ခံခြင်း မပြုရ။

(ဃ) မိမိအား အပ်နှံထားသောပစ္စည်းများ (သို့မဟုတ်) ငွေကြေးများကို ကိုယ်ကျိုးအတွက် လွှဲပြောင်းခြင်းနှင့် အလွဲသုံးစားမပြုလုပ်ရ။

(င) လာဘ်ပေးလာဘ်ယူမှု နှင့် အဂတိလိုက်စားမှုတို့ကို လုံးဝလက်မခံသောမူကို ကျင့်သုံးပါသည်။

**(စ) အကောင်အထည်ဖော်ခြင်းနှင့် ထိန်းသိမ်းလိုက်နာခြင်း**

၁၀။ လိင်မှုဆိုင်ရာအနိုင်ကျင့်စော်ကားခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ လာဘ်ပေးလာဘ်ယူခြင်း၊ လုပ်ပိုင်ခွင့်အလွဲသုံးစားပြုခြင်း၊ အစရှိသည့်အပြုအမူများအား ကြိုတင်ကာကွယ်ထားသော ပတ်ဝန်းကျင်ကို တည်ဆောက်ပေး၍ ဤကျင့်ဝတ်စည်းမျဥ်းများကို အကောင်အထည်ဖော် မြှင့်တင်ဆောင်ရွက်သွားပါမည်။ အဆင့်တိုင်းရှိ အကြီးတန်းဝန်ထမ်းများသည် အဆိုပါပတ်ဝန်းကျင်ဖြစ်ပေါ်တိုးတက်စေရေးအတွက် အခြေခံမူနှင့်လုပ်ထုံး လုပ်နည်းများကို တည်ဆောက်ထိန်းသိမ်းမြှင့်တင်ပေးရန် အထူးတာဝန်ရှိကြ ပါသည်။

၁၁။ ADDB Inc. /EBO တွင်ခန့်အပ်မည့် အလားအလာရှိသော ဝန်ထမ်းများ၊ ဘုတ်အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ လုပ်အားပေးများ၊ အလုပ်သင်များနှင့် သီးခြား ကန်ထရိုက်တာများ၊ စီမံကိန်းမိတ်ဖက် အဖွဲ့အစည်းများ နှင့် အကျိုးခံစားခွင့်ရှိသူများအားလုံးကို ရာထူးခန့်အပ်ရေးလုပ်ငန်းစဉ် နှင့် သဘောတူလက်မှတ်မရေးထိုးမီ ဤကျင့်ဝတ်စည်းမျဉ်းများကို အသိပေးထားမည်ဖြစ်ပြီး ကာယကံရှင်များမှလည်း နားလည်အသိအမှတ်ပြုထားရပါမည်။ ထို့အပြင် အဖွဲ့၏မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများကိုလည်း လုပ်ငန်းခွင် မိတ်ဆက်ရှင်းလင်းသည့်အခါတွင် ပေးအပ်သွားပါမည်။

၁၂။ ဤကျင့်ဂတ်စည်းမျဉ်းကို ဖောက်ဖျက်ကျူးလွန်ကြောင်း သက်သေ (သို့မဟုတ်) သံသယရှိပါက သက်ဆိုင်ရာစီမံအုပ်ချုပ်ရေးကော်မတီများသို့ ချက်ခြင်းသတင်းပို့ရန်တာဂန်ရှိပါသည်။ မည်သည့် ADDB Inc. /EBO စီမံအုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်ကမဆို ကျင့်ဝတ်စည်းမျဉ်းကို ချိုးဖောက်နေကြောင်းသံသယရှိပါက ယင်းကိစ္စကို ADDB Inc. /EBO ဘုတ်အဖွဲ့သို့ ဝန်ထမ်းတစ်ဦးဦးမှ တိုက်ရိုက်တင်ပြအစီရင်ခံနိုင်သည်။ မိတ်ဖက်အဖွဲ့အစည်း၏စီမံအုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်ကိုယ်တိုင်မှ ကျင့်ဝတ်စည်းမျဉ်းကိုချိုးဖောက်နေကြောင်း သံသယရှိပါက ယင်းမိတ်ဖက်အဖွဲ့အစည်း၏ ဂန်ထမ်းမှ ADDB Inc. /EBO အဖွဲ့သို့ တင်ပြ အစီရင်ခံနိုင်သည်။

၁၃။ ADDB Inc. /EBO စီမံအုပ်ချုပ်ရေးကော်မတီသည် ADDB Inc. /EBO ဝန်ထမ်းများ အချင်းချင်းကြားတွင်လည်းကောင်း၊ ADDB Inc. /EBO ဝန်ထမ်းနှင့် အကျိုးခံစားခွင့်ရှိသူများအကြားတွင်လည်းကောင်း၊ ဆက်ဆံရေးများ (အထူးသဖြင့် လိင်မှုဆိုင်ရာ ဆက်ဆံရေးမျိုး) ၊ ဆွေမျိုး တော်စပ်မှုများရှိနေကြောင်း သတင်းလက်ခံရရှိပါက လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်း နှင့် အနိုင်ကျင့်စော်ကားနိုင်ချေရှိလာနိုင်မှုကိုကာကွယ်ရန် သင့်တော်သောအစီအမံများ ဆောင်ရွက်ထားရမည်။ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခြင်း နှင့် အနိုင်ကျင့်စော်ကားခြင်းများနှင့်ပက်သက်၍ သတင်းပို့တိုင်ကြားလိုပါက ADDB Inc. /EBO မှ တာဂန်ပေးအပ်ထားသော လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်မှု နှင့် အနိုင်ကျင့်စော်ကားမှုများအား ကာကွယ်တားဆီးရေးဆိုင်ရာ တာဂန်ရှိသူထံတွင် သတင်းပို့တိုင်ကြားနိုင်သည်။ တိုင်ကြားမှုကိုလက်ခံရရှိပြီးသည်နှင့် တာဂန်ရှိသူမှ လုပ်ထုံးလုပ်နည်းစံချိန်စံညွှန်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည်။

၁၄။ ADDB Inc. /EBO တွင် ခန့်အပ်မည့် အလားအလာရှိသောဝန်ထမ်းများရွေးချယ်ရေးလုပ်ငန်းစဉ်တွင် ရွေးချယ်ရန်လျာထားသော ဂန်ထမ်း၏ လက်ရှိတာဂန်ထမ်းဆောင်ဆဲ၊ ယခင်တာဂန်ထမ်းဆောင်ခဲ့သော လူ့စွမ်းအားအရင်းအမြစ်ဌာနသို့ အထောက်အထားစစ်ဆေးခြင်းပြုလုပ်ပါမည်။ ထိုစစ်ဆေးခြင်းတွင် လိင်ပိုင်း

ဆိုင်ရာ ခေါင်းပုံဖြတ်မှု၊ အနိုင်ကျင့်စော်ကားမှု၊ နှောက်ယှက်မှု၊ ကလေးသူငယ်များအား အနိုင်ကျင့်စော်ကား ထားခြင်း မရှိကြောင်း စသည့်အချက်များပါဝင်ပါမည်။

၁၅။ ဤကျင့်ဝတ်စည်းမျဉ်းကို လိုက်နာရန်ပျက်ကွက်ပါက ADDB Inc. /EBO စီမံအုပ်ချုပ်ရေးကော်မတီမှ သင့်လျော်သော အစီအမံများကိုလုပ်ဆောင်မည်။ ထိုလုပ်ဆောင်ချက်များတွင် အောက်ဖော်ပြပါအချက်များ ပါဝင်သည်။

- နှုတ်အားဖြင့် သတိပေးခြင်း၊
- စာဖြင့် သတိပေးခြင်း၊
- လုပ်အားပေး / အလုပ်သင် (သို့မဟုတ်) ဘုတ်အဖွဲ့ဝင် /အဖွဲ့ဝင် /မိတ်ဖက်အဖွဲ့ဝင် ကို အလုပ်မှ ထုတ်ပယ်ခြင်း၊
- ADDB Inc. /EBO ၏ ငွေကြေးထောက်ပံ့မှုကို ခေတ္တဆိုင်းငံ့ထားခြင်း၊
- မိတ်ဖက်အဖွဲ့နှင့် သဘောတူလုပ်ဆောင်နေသည့် စီမံကိန်းစာချုပ်အား ရပ်ဆိုင်းခြင်း။

၁၆။ ဝန်ထမ်းများ၊ အကျိုးခံစားခွင့်ရှိသူများ (သို့မဟုတ်) အခြား ADDB Inc. /EBO နှင့်ချိတ်ဆက် အလုပ်လုပ်သူများ၏ စည်းကမ်းချိုးဖောက်မှုများကို သတင်းပေးပို့ရာတွင် အဖွဲ့အစည်း၏ ပြဋ္ဌာန်းထားသည့် အစီရင်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျို့ဝှက်လုံခြုံစွာ ကိုင်တွယ်ဆောင်ရွက်ပါမည်။

**(ဆ) ကျင့်ဝတ်စည်းမျဉ်းအား လိုက်နာဆောင်ရွက်ခြင်းနှင့် အသက်ဝင်ရှင်သန်နေသည့်စာတမ်းဖြစ်ခြင်း**

၄၇။ ဤကျင့်ဝတ်ပါ ပြဋ္ဌာန်းချက်များသည် "အသက်ဝင်ရှင်သန်နေသည့်စာတမ်း" တစ်ခုဖြစ်စေရန် ရည်ရွယ်ပါသည်။ ပြောင်းလဲနေသောအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိစေရန် အချိန်နှင့်တပြေးညီ လိုအပ်သည်နှင့်အမျှ ပြန်လည်ပြင်ဆင်ဖြည့်စွက်သွားပါမည်။